လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးအမြင် သုံးသပ်ချက်

DPNS Political Commentary

# “အကြမ်းဖက်ဖြေရှင်းခြင်းဖြင့် အဖြေရရှိမည်မဟုတ်”

## [လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးအမြင်သုံးသပ်ချက် - ၁/၂၀၁၉]

---

မေလ ၁၅ ရက်နေ့ နံနက် ၅း၀၀ နာရီမှာ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာသားတွေရဲ့ ဆန္ဒပြမှုကို မျက်ရည်ယိုဗုံးတွေ၊ ရာဘာကျည်ဆံတွေနဲ့ ပစ်ခတ်ဖြိုခွဲမှု ဖြစ်ပွါးခဲ့ပါတယ်။ ဒီဖြစ်စဉ်အတွင်း သတင်းရယူနေတဲ့ သတင်းထောက်တဦး အပါအဝင် လူငါးဦးဖမ်းဆီးခံရပြီး အများအပြား ဒဏ်ရာရခဲ့ကြောင်း ကြားသိရပါတယ်။

မြန်မာနိုင်ငံမှာ လတ်တလောဖြစ်ပေါ်နေတဲ့ အလုပ်သမားအခွင့်အရေးပြဿနာ၊ တောင်သူလယ်သမားတွေ ဒေသခံလူထုတွေ ဆုံးရှုံးနစ်နာနေရတဲ့ ပြဿနာ၊ ကျောင်းသားတွေ ပညာရေးဆုံးရှုံးနေရမှု ပြဿနာ၊ ပြည်တွင်းစစ်ဖြစ်နေတဲ့ ဒေသများရှိ အပြစ်မဲ့တိုင်းရင်းသားပြည်သူများ သေဆုံးထိခိုက်နေရမှု ပြဿနာ၊ ပြည်သူလူထု နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေခံလိုအပ်ချက်တွေလည်းဖြစ်တဲ့ ရေ၊ မီး မလုံလောက်မှုစတဲ့ ပြဿနာပေါင်းစုံ တိုးပြီးရင်းတိုးလာနေပါတယ်။ ဒီပြဿနာတွေကို အစိုးရတရပ်အနေနဲ့ ကိုင်တွယ်ဖြေရှင်းရာမှာ ကောင်းမွန်မှန်ကန်တဲ့ မူဝါဒ၊ ဥပဒေ၊ နည်း ဥပဒေ၊ စီမံခန့်ခွဲမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိနဲ့ ဖြေရှင်းခြင်းမရှိဘဲ ပြဿနာများ ပိုမိုကြီးထွားလာမှုဆီသို့ တွန်းပို့သကဲ့သို့ ဖြစ်နေတာကို တွေ့မြင်နေရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရဟာ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမှ ပြည်သူတွေရဲ့ တခဲနက်ဆန္ဒမဲနဲ့ ပေါ်ပေါက်လာတဲ့ အစိုးရတရပ်ဖြစ်တာနဲ့အညီ ပြဿနာတွေကို ဖြေရှင်းတဲ့နည်းနာတွေမှာလည်း ဒီမိုကရစီနည်းကျကျ လူထုကိုအခြေခံခြင်း၊ ငြိမ်းချမ်းစွာ အဖြေရှာခြင်း၊ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်း စတဲ့ အကြမ်းမဖက်ဖြေရှင်းတဲ့ နည်းလမ်းတွေကို ရှာဖွေဖို့ လိုအပ်ပါတယ်။

ပြည်သူကို ကိုယ်စားပြုတဲ့ ဒီမိုကရေစီအစိုးရတရပ်ရဲ့ လုပ်ပိုင်ခွင့်အာဏာဆိုတာ ပြည်သူကို အကာအကွယ် ပေးရပါမယ်၊ ပြည်သူကို ကိုယ်စားပြုရပါမယ်၊ ပြည်သူ့ဆန္ဒနဲ့အညီလည်း ဖြစ်ရပါမယ်။ ဒါပေမယ့် တကယ့် လက်တွေ့ဘဝမှာတော့ ပြည်သူတွေအနေနဲ့ နေ့စဉ်နဲ့အမျှ မတရားမှု၊ ဖိနှိပ်မှု၊ အကြမ်းဖက်ခံရမှု၊ ညှင်းပမ်းသတ်ဖြတ်ခံရမှုတွေ အပါအဝင် မွေးရာပါလူ့အခွင့်အရေးတွေ တနေ့တခြား ဆုံးရှုံးလျော့နည်းလာနေတာကို တွေ့မြင်နေရပါတယ်။

အနီးဆုံးဖြစ်တဲ့ အောင်သပြေကျေးရွာ အပြစ်မဲ့ပြည်သူတွေရဲ့ ဆန္ဒပြတောင်းဆိုမှုကို ရဲနဲ့တာဝန်ရှိသူတွေရဲ့ ဖြေရှင်းမှု၊ အကျဉ်းထောင်များအတွင်း အကျဉ်းသားတွေရဲ့ တင်ပြတောင်းဆိုမှုတွေကို အကျဉ်းဦးစီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဖြေရှင်းမှု၊ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များမှာ ပါဝင်တဲ့ ရပိုင်ခွင့်တွေကို ကျော်လွန်ပြီး ခေါ်ယူစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ ညှင်းပမ်းနှိပ်စက်မှုကြောင့် အသက်သေဆုံးရခြင်း၊ တနိုင်ငံလုံး လျှပ်စစ်မီးပြတ်တောက်နေမှုတွေကို ဖြေရှင်းရာမှာ တာဝန်ယူမှု တာဝန်ခံမှုကင်းမဲ့သကဲ့သို့ ဖြစ်နေခြင်းတို့ကို တွေ့မြင်နေရပါတယ်။

အစိုးရအနေနဲ့  စီမံခန့်ခွဲမှု၊ မူဝါဒချမှတ်မှုနှင့် လက်တွေ့အကောင်အထည်ဖော်မှုတွေဟာ ပြည်သူလူထုအတွင်း အမှန်တကယ် ဖြစ်ပျက်ခံစားနေရတဲ့ အခြေအနေတွေနဲ့ ကင်းလွတ်နေတဲ့အတွက် ပြဿနာတွေရဲ့အဖြေနဲ့ ဝေးကွာလာနေတာကို တွေ့မြင်နေရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရဟာ ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတရပ်ဖြစ်သည့် အားလျော်စွာ ပြည်သူလူထုဘက်က ရပ်တည်ပြီး ရဲရဲရင့်ရင့်၊ သတိရှိရှိနဲ့ ပြည်သူလူထုအား ကာကွယ်လျက် တာဝန်ရှိသူတွေကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသင့်သလို မတရားမှုတွေကိုလည်း အပြစ်ပေး အရေးယူသင့်ပါတယ်။

ဒါကြောင့်မို့လို့ ဖြစ်ပေါ်လာတဲ့ ပြဿနာအရပ်ရပ်ကို ဖြေရှင်းရာမှာ အကြမ်းမဖက်ဘဲ ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းသည်သာ အကောင်းမွန်ဆုံးနဲ့ အသင့်တော်ဆုံး နည်းလမ်းဖြစ်ကြောင်း မိမိတို့ပါတီရဲ့ အမြင်ကို ဖော်ပြအပ်ပါတယ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

၂၀၁၉၊ မေ၊ ၁၆။